ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့

# ညွှန်ကြားချက် အမှတ် ( ၅ /၂၀၂၀)

## ၁၃၈၂ ခုနှစ် ကဆုန်လပြည့်ကျော် ၆ ရက်

## (၂၀၂၀ ပြည့်နှစ်၊ မေလ ၁၃ ရက်)

## သီလဝါအထူးစီးပွားရေးဇုန်တွင် ရောင်းချနေသည့် အာမခံပေါ်လစီများကိစ္စ

၁။ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့သည် ၂၀၁၅ ခုနှစ် မေလ ၂၂ ရက်စွဲပါ Notification No. 1/2015 ဖြင့် သီလဝါအထူးစီးပွားရေးဇုန်တွင် အာမခံလုပ်ငန်းလုပ်ကိုင်လိုသော နိုင်ငံခြားအာမခံကုမ္ပဏီများအတွက် လိုအပ်သော စံနှုန်းသတ်မှတ်ချက်များ ထုတ်ပြန်ပေးခဲ့ပါသည်။ ယင်း စံနှုန်းသတ်မှတ်ချက်များအရ တိုကျိုမြို့တွင် အခြေပြုပြီး မြန်မာနိုင်ငံတွင် အာမခံ ကိုယ်စားလှယ်ရုံးများ ရှိနှင့်ပြီးဖြစ်သည့် အောက်ဖော်ပြပါ ဂျပန်အာမခံကုမ္ပဏီ (၃) ခုကို ယှဉ်တွဲပါနေ့ရက်များအတိုင်း "အာမခံလုပ်ငန်းလုပ်ကိုင်ရန် ယာယီခွင့်ပြုချက်" ထုတ်ပြန်ပေးခဲ့ပါသည်-

| | | |
|---|---|---|
| (က) | Sompo Japan Nippon Koa Insurance Inc. | (25th Day of May 2015) |
| (ခ) | Tokio Marine & Nichido Fire Insurance Co., Ltd. | (27th Day of May 2015) |
| (ဂ) | Mitsui Sumitomo Insurance Co., Ltd. | (28th Day of May 2015) |

၂။ သီလဝါအထူးစီးပွားရေးဇုန်တွင် အာမခံလုပ်ငန်းလုပ်ကိုင်ရန် ယာယီခွင့်ပြုချက်များ ရရှိထားခဲ့သော အထက်ပါ ဂျပန်အာမခံကုမ္ပဏီ (၃) ခုကို မြန်မာနိုင်ငံရှိ နိုင်ငံသားပိုင် အထွေထွေအာမခံကုမ္ပဏီများနှင့် အောက်ဖော်ပြပါ ဖက်စပ်အထွေထွေအာမခံကုမ္ပဏီများအဖြစ် လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်များကို ၂၈-၁၁-၂၀၁၉ ရက်နေ့တွင် ခွင့်ပြုခဲ့ပြီး ဖြစ်ပါသည်-

(က) AYA Sompo Insurance Company Limited

(ခ) Grand Guardian Tokio Marine General Insurance Company Limited

(ဂ) KBZ MS General Insurance Company Limited

၃။ သို့ဖြစ်၍ တိုကျိုမြို့တွင် အခြေပြုသည့် ဖော်ပြပါ ဂျပန်အာမခံကုမ္ပဏီ (၃) ခုတို့သည် သီလဝါအထူးစီးပွားရေးဇုန်တွင် လက်ခံထားပြီးဖြစ်သော ရှိရင်းစွဲ အာမခံပေါ်လစီများကို ဆက်လက်တာဝန်ယူသွားရန်နှင့် အာမခံပေါ်လစီ အသစ်များကို ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ ၁ ရက်နေ့မှစ၍ လက်ခံဆောင်ရွက်ခြင်း (မပြုရန်) မပြုရန် ညွှန်ကြားလိုက်သည်။

(မောင်မောင်ဝင်း)
ဥက္ကဋ္ဌ

ဖြန့်ဝေခြင်း

- Sompo Japan Nippon Koa Insurance Inc.
- Tokio Marine & Nichido Fire Insurance Co., Ltd.
- Mitsui Sumitomo Insurance Co., Ltd.
- AYA Sompo Insurance Company Limited
- Grand Guardian Tokio Marine General Insurance Company Limited
- KBZ MS General Insurance Company Limited

အမိန့်အရ

(ဇော်နိုင်)
အတွင်းရေးမှူး

မိတ္တူကို

- စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
- မြန်မာနိုင်ငံတော်ဗဟိုဘဏ်
- မြန်မာ့အာမခံလုပ်ငန်း
- ငွေချေးသက်သေခံလက်မှတ်များကြီးကြပ်မှုကော်မရှင်ရုံး
- အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ဝင်များ
- မြန်မာနိုင်ငံအာမခံအသင်း
- မြန်မာနိုင်ငံဘဏ်များအသင်း
- အာမခံကုမ္ပဏီများ

The Republic of the Union of Myanmar
Ministry of Planning, Finance and Industry
Insurance Business Regulatory Board

Directive No. ( 5 /2020)
6th Waning of Kasone, 1382 ME
12 Day of May 2020

Existing Insurance Policies in *Thilawa* Special Economic Zone

1. Insurance Business Regulatory Board had issued the criteria for granting provisional permit to oversea insurance companies to operate in Special Economic Zones by Notification No.1/2015, dated 22nd day of May 2015. In line with these criteria, the three Tokyo-based Japanese Insurance companies being existed insurance representative offices in Myanmar were granted "Provisional Permit to Operate" in *Thilawa* special economic zone only, with effect from the date described with their names, as follows;

(a) Sompo Japan Nippon Koa Insurance Inc. (25th Day of May 2015)
(b) Tokio Marine & Nichido Fire Insurance Co., Ltd. (27th Day of May 2015)
(c) Mitsui Sumitomo Insurance Co., Ltd. (28th Day of May 2015)

2. The above Tokyo-based three Japanese companies holding provisional permit to operate in *Thilawa* special economic zone have been granted Insurance Licences to operate in Myanmar as Joint Venture General Insurance Companies with local general insurance companies with effect from 28th Day of November 2019, as follows;

(a) AYA Sompo Insurance Company Limited
(b) Grand Guardian Tokio Marine General Insurance Company Limited
(c) KBZ MS General Insurance Company Limited

3. Therefore the Tokyo-based three Japanese insurance companies are instructed to halt underwriting new policy from *Thilawa* special economic zone with effect from 1st Day of October 2020, by maintaining the liabilities for existing insurance policies until ends of their policies' terms.

(Maung Maung Win)
Chairman

Dissemination

-Sompo Japan Nippon Koa Insurance Inc.
-Tokio Marine & Nichido Fire Insurance Co., Ltd.
-Mitsui Sumitomo Insurance Co., Ltd.
- AYA Sompo Insurance Company Limited
-Grand Guardian Tokio Marine General Insurance Company Limited
-KBZ MS General Insurance Company Limited

By order,

12/5/2020

**(Zaw Naing)**
**Secretary**

**Copies to**

-Ministry of Planning, Finance and Industry
-Central Bank of Myanmar
-Myanma Insurance
-Members of Insurance Business Regulatory Board
-Myanmar Insurance Association
-Myanmar Banks Association
-All Insurers